# သီရိလင်္ကာနိုင်ငံ မကုဋာရာမ
# သီရိဝိနယာလင်္ကာရ
# မြန်မာကျောင်းတိုက်များ၏
# စည်းမျဉ်း ဥပဒေ

၂၃၀၃၀

# သီရိလင်္ကာနိုင်ငံ
# မကုဋာရာမ
# သီရိဝိနယာလင်္ကာရ
# မြန်မာကျောင်းတိုက်များ၏
# စည်းမျဉ်း ဥပဒေ

මකුටාරාම බුරුම විහාරස්ථානය

**MAKUTARAMA MYANMAR BUDDHIST TEMPLE**

MANAGEMENT SANGHA COMMITTEE

284, DEMATAGODA ROAD, COLOMBO 9. TEL: 689074

Our Ref:

Your Ref:

DATE: 11.9.1995

# စည်းမျဉ်းဥပဒေ အတည်ပြုခြင်း

ဤ သီရိလင်္ကာနိုင်ငံ မကုဋရာမ (သီရိဝိနယာလင်္ကာရ) မြန်မာကျောင်းတိုက်များ စည်းမျဉ်းဥပဒေကို ဩဝါဒါစရိယ ဆရာတော်များအဖွဲ့၏ တာဝန်ပေးချက်အရ အုပ်ချုပ်ရေးနာယက ဆရာတော်များအဖွဲ့မှ မူကြမ်းရေးဆွဲပြီးနောက် ဩဝါဒါစရိယ ဆရာတော်များအဖွဲ့မှ သေချာစွာ စိစစ်ပြီးဖြစ်သဖြင့် နောက်ဆုံး အတည်ပြုပေးလိုက်သည်။

U Theikgawa.

ဘဒ္ဒန္တ သိဂ္ဂဝ မဟာထေရ်

အဂ္ဂမဟာပဏ္ဍိတ၊ ဝိဟာရာဓိပတိ

# နိဒါန်း

လူသားများ စည်းရုံးတည်ဆောက်သော အဖွဲ့အစည်းတစ်ခု၏ အစွန့်ရှည်စွာ ရပ်တည်နိုင်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့မှာ ယင်းတို့ ရေးဆွဲချမှတ်သည့် အခြေခံစည်းကမ်းဥပဒေအပေါ်၌သာ လုံးဝတည်မှီနေပေသည်။အခြေခံစည်းကမ်းဥပဒေသည် တိုးတက်လာသော လူ့အဖွဲ့အစည်းတိုင်း၏ အသက်သွေးကြောပင် ဖြစ်ပေသည်။

သီရိလင်္ကာနိုင်ငံရှိ မကုဋာရာမ မြန်မာကျောင်းတိုက်ကြီး များသည် နှစ်ပေါင်း(၇၀)မျှ ကာလပတ်လုံး သာသနာပြုပုဂ္ဂိုလ်များ၊ ဘုရား ပူးများနှင့် စာသင်သားမြန်မာရဟန်းတော်များ မှီခိုအားထားရာ ဌာနကြီးတစ်ခု ဖြစ်ခဲ့ပါသည်။ [၁]

သီရိလင်္ကာနိုင်ငံ၌ ကျောင်းတိုက် (၅)တိုက်ကို စတင်တည်ထောင်နိုင်ခဲ့သော လွန်စွာထူးချွန်လှသည့် ပြည်ပသာသနာပြု မြန်မာဆရာတော်ကြီး ဦးဝိနယာလင်္ကာရ မထေရ်မြတ်က မကုဋာရာမ ကျောင်းတိုက်ကြီးများကို ၁၉၂၄–ခု (ကောဇာ–၁၂၈၆၊ ဝါခေါင်လဆုတ် ၂–ရက်၊ သောကြာနေ့) ကောင်းမြတ်သည့် မင်္ဂလာအချိန်၌ တည်ထောင်တော်မူခဲ့ပါသည်။

---

၁။ ကျောင်းတိုက်ကြီး (၅)တိုက်ဟူသည်မှာ ၁– သီရိဝိနယာလင်္ကာရာ ရာမယ ကျောင်းတိုက်၊ ပေါက္ကုန္နဝိတမြို့။ ၂–သီရိဝိနယာလင်္ကာရာ ရာမယ ကျောင်းတိုက်၊ သီရိဝိနယာလင်္ကာရလမ်း၊ ကိုလံဘို–၈။ ၃– မကုဋာရာမ သီရိဝိနယာလင်္ကာရ မြန်မာကျောင်း၊ ဒေးမတဂိုးဒလမ်း၊ ကိုလံဘို–၉။ ၄–သီရိဝိနယာလင်္ကာရ မြန်မာကျောင်း၊ ထရိကိုမာလီလမ်း၊ ကန္ဒီမြို့ နှင့် ၅–သီရိဝိနယာလင်္ကာရ မြန်မာကျောင်း၊ နုဂေဂေါ်ဓလမ်း၊ အနုရာဓပူရမြို့ တို့ဖြစ်ကြပါသည်။

နိဒါန်း

ဆရာတော် ဦးဝိနယာလင်္ကာရသည် နိုင်ငံခြားသာသနာပြုသက်တမ်းနှစ်ပေါင်း(၅၀)ကျော်အတွင်း ပြည်တွင်းပြည်ပသာသနာပြု မြန်မာရဟန်းတော်များနှင့် သီဟိုဠ်နိုင်ငံသား တပည့်မြောက်မြားစွာကို မွေးထုတ်ပေးနိုင်ခဲ့သည်။ ယင်းသို့ မွေးထုတ်ပေးနိုင်ခဲ့ခြင်းမှာလည်း ၁၉၂၅–ခုနှစ်တွင် နိုင်ငံကျော်ဆရာတော် အရှင်အာဒိစ္စဝံသ၏ ဝိုင်းဝန်းကူညီမှုဖြင့် စနစ်တကျရေးဆွဲပြဋ္ဌာန်းအပ်သော ကျောင်းတိုက်စည်းမျဉ်းဥပဒေ၏ အကျိုးရလဒ်ဟု ဆိုရပေမည်။

ဤကဲ့သို့ ပြည်ပသာသနာပြုလုပ်ငန်းကြီးကို ကြိုးပမ်းတော်မူရင်း တစ်ဖက်ကလည်း သီရိလင်္ကာနိုင်ငံတွင် အဓိကအချက်အချာကျသော မြို့ကြီးများ၌ မြန်မာဘုရားဖူးများ ချမ်းသာစွာ တည်းခိုနေထိုင်ရေးအကျက်ကျောင်းများ တည်ထောင်ဆောက်လုပ်တော်မူခဲ့သည်။

ဆရာတော်ကြီးတည်ထောင်တော်မူခဲ့သော ထိုကျောင်းများကို သီရိဝိနယာလင်္ကာရ–ဟု မှည့်ခေါ်ထားသည့်အပြင်၊ ကိုလံဘိုမြို့၏ အဓိကလမ်းမတစ်ခုကိုပါ သီရိဝိနယာလင်္ကာရလမ်း–ဟု ဆရာတော်ကြီး၏အမည်ဖြင့် ကိုလံဘိုမြို့ မြူနီစီပယ်ဌာနမှ ဂုဏ်ပြုမှည့်ခေါ်ထားသဖြင့် ဆရာတော်ကြီးမှာ သီရိလင်္ကာနိုင်ငံတော်သမိုင်းတွင် ဥဒါန်းတွင်ရစ်သော မြန်မာ့သားကောင်းရတနာ သာသနာ့အာဇာနည် တစ်ပါးဖြစ်ခဲ့ပေသည်။

ထိုဆရာတော်ကြီး ဦးဝိနယာလင်္ကာရနှင့်အတူ ဆရာတော်ဦးသိဂ္ဂဝ (အဂ္ဂမဟာပဏ္ဍိတ)သည် ၁၉၄၁–ခုနှစ်မှစ၍ ထိုကျောင်းတိုက်ကြီးများကို တွဲဖက်စောင့်ရှောက်လာခဲ့ရပြီးနောက်၊ ၁၉၅၁–ခုနှစ် တွင် ဆရာတော်ကြီး ဦးဝိနယာလင်္ကာရ၏ စာချုပ်စာတမ်းဖြင့် ယုံကြည်စိတ်ချစွာ တရားဝင်လွှဲအပ်ခြင်းကို ခံခဲ့ရပါသည်။

နိဒါန်း

ဒုတိယမြောက်ဆရာတော်ဖြစ်သည့် ဆရာတော်ကြီးဦးသီဂ္ဂဝ လက်ထက်တွင်လည်း ယင်းကျောင်းတိုက်ကြီးများသည် ဘုရားဖူးများနှင့် ဘာသန္တရပညာခည်းပူးလိုသူ မြန်မာရဟန်းတော်များအတွက် ဆက်လက်၍မှီခိုအားထားရာ ဖြစ်ခဲ့ပြန်ပါသည်။

သီဟိုဠ်–မြန်မာနှစ်နိုင်ငံ ဘာသာရေးပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းကြီးပမ်းဆောင်ရွက်ခဲ့ကြသည့် သက်တမ်း(၆၂)နှစ်တင်းတင်း ပြည့်ခဲ့ပြီဖြစ်သော ဆရာတော်ကြီးဦးသီဂ္ဂဝသည်လည်း သက်တော်ကြီးရင့်လာမှုကို အကြောင်းပြု၍ (၂၁–၈–၉၄)နေ့တွင် ဆရာတော်ကြီး၏အားထားရာ ညာလက်ရုံးသဘွယ်ဖြစ်သည့် ပီနန်စက်ကျာပူ မြန်မာကျောင်းဆရာတော် ဦးပညာဝံသ(အဂ္ဂမဟာပဏ္ဍိတ)၊ ကန္ဒီမြန်မာကျောင်းဆရာတော် ဦးသုမန သာဂရ၊ အနုရာဓမြန်မာကျောင်းဆရာတော်ဦးပုပ္ဖါရာမတို့၏ အကူအညီဖြင့် အဖွဲ့ဝင် (၅) ပါးစီပါဝင်သော ဩဝါဒါစရိယ ဆရာတော်များအဖွဲ့နှင့် အုပ်ချုပ်ရေးနာယကဆရာတော်များအဖွဲ့တို့ကို ကျောင်းတိုက် တာဝန် အရပ်ရပ်တို့ကို ဆက်လက်ဆောင်ရွက်စီမံနိုင်ရေးအတွက် ဖွဲ့စည်းပေးတော်မူခဲ့သည်။

တာဝန်ပေးလိုက်သည့်ခဏမှာပင် ပြည်တွင်းပြည်ပဗုဒ္ဓသာသနာတော်တိုးတက်ပြန့်ပွားရေးကို ကိုယ်တိုင်အောင်မြင်စွာ ဆောင်ရွက်နေသည့်ပြင် မကုဋ္ဌာရာမတိုက်သားဟောင်း တပည့်ကြီးလည်းဖြစ်သည့် ဆရာတော် ဦးပညာဝံသသည် လုပ်ငန်းတာဝန်တို့ကို ဆက်လက်အကောင်အထည်ဖော်ရန်အတွက် အုပ်ချုပ်ရေးနာယကအဖွဲ့ဝင်များဖြစ်ကြသည့်–

နိဒါန်း

၁။ ဦးသောဘဏ (နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့ဝင်ဟောင်း)

၂။ ဦးအရိယဝံသာဘိဝံသ (ကထိကဟောင်း၊ မန္တလေး သာသနာ့ တက္ကသိုလ်)

၃။ ဦးနာရဒါဘိဝံသ (လက်ထောက်မော်ကွန်းထိန်း၊ ရန်ကုန် သာသနာ့တက္ကသိုလ်)

၄။ ဦးနန္ဒဝံသ (ဓမ္မာစရိယ)

၅။ ဦးဓမ္မသာမိ (ဓမ္မာစရိယ၊ M.A.,A.M.) တို့အား

ကျောင်းတိုက်စည်းမျဉ်းဥပဒေကို ပြင်ဆင်ရေးဆွဲရန် တာဝန် ပေးအပ်တော်မူခဲ့သည်။

ပေးအပ်သောတာဝန်ကို ဦးထိပ်ရွက်လျက် ဂရုတစိုက်သတိကြီး စွာဖြင့် ညီညီညွတ်ညွတ် ပြင်ဆင်ရေးဆွဲခဲ့သော ဤဥပဒေကို ဩဝါဒါ စရိယဆရာတော်များအဖွဲ့က ပြန်လည်စိစစ်၍ အချောကိုင်ကာ နောက်ဆုံးအတည်ပြုပေးပြီးလျှင်၊ သီရိဝိနယာလင်္ကာရလမ်းရှိ ယခင် ကျောင်းဟောင်း၏ **သီရိဝိနယာလင်္ကာရ စည်းမျဉ်းဥပဒေ** ဟူသော အမည်ဟောင်းနှင့်ခြားနားစေရန် **မကုဋာရာမ မြန်မာကျောင်းတိုက်များ စည်းမျဉ်းဥပဒေ**ဟု မှည့်ခေါ်ပြဋ္ဌာန်းလိုက်ရ[illegible]သည်။

မေတ္တာရေစင်ဖြင့်

အုပ်ချုပ်ရေးနာယက ဆရာတော်များအဖွဲ့

(သီရိဝိနယာလင်္ကာရ)၊ မကုဋာရာမ မြန်မာကျောင်းတိုက်၊

ကိုလံဘိုမြို့၊ သီရိလင်္ကာနိုင်ငံ။

၁၉၉၄-ခု၊ စက်တင်ဘာလ၊ ၈-ရက်။

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **အခန်း–၁။ အမည်နှင့်အဓိပ္ပါယ် ဖော်ပြချက်** | ၁ |
| **အခန်း–၂။ ရည်ရွယ်ချက်** | ၂ |
| **အခန်း–၃။ ဖွဲ့စည်းပုံ** | ၃ |
| **အခန်း–၄။ ရွေးချယ်တင်မြှောက်ပုံ** | ၃ |
| ၁။ ဩဝါဒါစရိယဆရာတော်များ ရွေးချယ်တင်မြှောက်ပုံ | ၃ |
| ၂။ အုပ်ချုပ်ရေးနာယကဆရာတော်များအဖွဲ့ ရွေးချယ်တင်မြှောက်ပုံ – – – – | ၃ |
| **အခန်း–၅။ တာဝန်နှင့်လုပ်ပိုင်ခွင့်များ** | ၄ |
| ၁။ ဩဝါဒါစရိယဆရာတော်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ – – – – – | ၄ |
| ၂။ အုပ်ချုပ်ရေးနာယကဆရာတော်များအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ – – – | ၅ |
| ၂(က) သံဃာတော်များ လက်ခံစောင့်ရှောက်ခြင်း | ၆ |

၂(ခ) ဘုရားပူးများ လက်ခံစောင့်ရှောက်ခြင်း - ၇
၂(ဂ) ကျောင်းတိုက်နှင့်သံဃိကလာဘ်များကိုရှာဖွေ
စုဆောင်းထိန်းသိမ်းခြင်း - - - ၈
၂(ဃ) ကျောင်းတိုက်နှင့်သံဃိကလာဘ်များ
ဝေဖန်သုံးစွဲခြင်း - - - - ၉

အခန်း-၆။ အထွေထွေ ၁၀
၁။ အုပ်ချုပ်ရေးနာယကဆရာတော်များအဖွဲ့
အဖွဲ့ဝင်အဖြစ်မှ ရပ်စဲခြင်း - - - ၁၀
၂။ ကျောင်းတိုက်သံဃာတော်များ လိုက်နာကြရမည့်
စည်းကမ်းချက်များ - - - - ၁၀
၃။ ကျောင်းတိုက်တွင်းဆက်လက်နေထိုင်ခွင့်
ရပ်သိမ်းခြင်း - - - - - ၁၁
၄။ စည်းမျဉ်းဥပဒေ ပြင်ဆင် ဖြည့်စွက်
ဖျက်သိမ်းခြင်း - - - - - ၁၂
၅။ နေထိုင်ခွင့်လျှောက်ထားသူ၏ ဝန်ခံချက်နှင့်
ပဋိညာဉ် - - - - - ၁၂

## အခန်း–၁
## အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်

၁။ ဤစည်းမျဉ်းဥပဒေကို **သီရိလင်္ကာနိုင်ငံ မကုဋာရာမ သီရိဝိနယာ လင်္ကာရ မြန်မာကျောင်းတိုက်များ** စည်းမျဉ်းဥပဒေ–ဟု ခေါ်တွင်စေရမည်။

၂။ ဤစည်းမျဉ်းဥပဒေ၌ပါဝင်သော **ဝေါဟာရများသည်** အောက်ဖော် ပြပါအတိုင်း အဓိပ္ပါယ်ရှိစေရမည်။

(က) **ဝိဟာရာဓိပတိ**–ဆိုသည်မှာ ဤသီရိလင်္ကာနိုင်ငံရှိ မြန်မာ ကျောင်းတိုက်တို့၏ အာရာမ်ပိုင် ဆရာတော်ကို ဆိုသည်။

(ခ) **ဩဝါဒါစရိယဆရာတော်များအဖွဲ့**–ဆိုသည်မှာ ဤသီရိ လင်္ကာနိုင်ငံရှိ မြန်မာကျောင်းတိုက်တို့၏ ဩဝါဒါစရိယ ဆရာတော်များအဖွဲ့ကို ဆိုလိုသည်။

(ဂ) **နာယကအဖွဲ့**–ဆိုသည်မှာ ဤသီရိလင်္ကာနိုင်ငံရှိ မြန်မာ ကျောင်းတိုက်များ၏ အုပ်ချုပ်ရေးနာယက ဆရာတော်များ အဖွဲ့ကို ဆိုလိုသည်။

## အခန်း–၂

## ရည်ရွယ်ချက်

၁။ သီရိလင်္ကာနိုင်ငံရှိ မြန်မာကျောင်းများ တပေါင်းတစည်းတည်း မြန်မာနိုင်ငံကိုယ်စားပြုသည့် ကျောင်းတိုက်များအဖြစ် ထာဝစဉ် တည်ရှိစေရေး။

၂။ သီရိလင်္ကာနိုင်ငံရှိ မြန်မာကျောင်းတိုက်များ အခွန့်ရှည်စွာ တည်တံ့ ကြီးပွား တိုးတက်ရေး။

၃။ ကျောင်းတိုက်တွင်း သီတင်းသုံးနေထိုင်ကြသော မြန်မာရဟန်းတော်များ ချမ်းသာစွာပညာသင်ယူ နေထိုင်နိုင်ရေး။

၄။ အာဂန္တု မြန်မာရဟန်းတော်များနှင့် ဘုရားဖူးပုဂ္ဂိုလ်များ ချမ်းသာစွာ တည်းခိုနေထိုင်နိုင်ရေး။

၅။ ပြည်တွင်းပြည်ပ သာသနာပြုရဟန်းတော်များ အစဉ်မပြတ် ပေါ်ထွန်းစေရေး။

၆။ သီရိလင်္ကာ–မြန်မာ နှစ်နိုင်ငံ ဗုဒ္ဓဘာသာဆိုင်ရာလုပ်ငန်းများကို ပူပေါင်းဆောင်ရွက်ရေးနှင့် ခိုင်မြဲ တိုးတက်စေရေး။

၇။ ဗုဒ္ဓစာပေများ စိစစ်လေ့လာ၍ ထုတ်ဝေဖြန့်ချိရေးနှင့် အခြားဗုဒ္ဓဘာသာဝင်များနှင့် ပူးပေါင်း၍ သာသနာရေးကိစ္စများကို ကျယ်ပြန့်စွာ စီမံဆောင်ရွက်ရေး။

**မှတ်ချက်။** ။ ၁–အမှတ်ရှိ **တပေါင်းတစည်းတည်း**ဆိုသည်မှာ လူမျိုး၊ ဂိုဏ်းဂဏ၊ ပါတီစသည်တို့နှင့်ပတ်သက်၍ ကွဲပြားခြင်း၊ ကွဲခြားခြင်း၊ လုံးဝကင်းသည်ကို ဆိုလိုသည်။

## အခန်း – ၃

## ဖွဲ့စည်းပုံ

၁။ ဝိဟာရာဓိပတိ ဆရာတော်။

၂။ ဩဝါဒါစရိယ ဆရာတော်များအဖွဲ့။

၃။ အုပ်ချုပ်ရေး နာယကဆရာတော်များအဖွဲ့။

၄။ ကျောင်းတိုက်သံဃာတော်များ။

## အခန်း – ၄

## ရွေးချယ်တင်မြှောက်ပုံ

၁။ ဩဝါဒါစရိယ ဆရာတော်များ ရွေးချယ်တင်မြှောက်ပုံ

(က) သီရိလင်္ကာနိုင်ငံ မြန်မာကျောင်းတိုက်များ၏ ဝိဟာရာဓိပတိဆရာတော်။

(ခ) ဝိဟာရာဓိပတိဆရာတော်က ရွေးချယ်သောဆရာတော်များ။

၂။ အုပ်ချုပ်ရေးနာယက ဆရာတော်များအဖွဲ့ ရွေးချယ်တင်မြှောက်ပုံ-

(က) နာယကဂုဏ် ခြောက်ပါးနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ဖြစ်ခြင်း။

(ခ) အဂတိ လေးပါး ကင်းရှင်းသောပုဂ္ဂိုလ်ဖြစ်ခြင်း။

(ဂ) ကျောင်းတိုက်၏အကျိုးကို သည်ပိုးဆောင်ရွက်နိုင်သော ပုဂ္ဂိုလ်ဖြစ်ခြင်း။

(ဃ) ဖြစ်ပေါ်လာသောပြဿနာများကို ပြေလည်အောင် ဆောင်ရွက်နိုင်သော ပုဂ္ဂိုလ်ဖြစ်ခြင်း။

(င) ဤကျောင်းတိုက်၌ များသောအားဖြင့် ဝါကပ်သော ပုဂ္ဂိုလ်ဖြစ်ခြင်း။

(စ) ဝိဟာရာဓိပတိ ဆရာတော်အမှူးရှိသော ဩဝါဒါစရိယ ဆရာတော်ကြီးများ နှစ်သက်သဘောတူသော ပုဂ္ဂိုလ်ဖြစ်ခြင်း။

## အခန်း-၅

## တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁။ ဩဝါဒါစရိယ ဆရာတော်များ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ.

(က) အဖွဲ့ဝင်သုံးပါးထက်မနည်း ငါးပါးထက်မများသော ကျောင်းတိုက်အုပ်ချုပ်ရေး နာယက ဆရာတော်များအဖွဲ့ကို ဖွဲ့စည်းပေးခြင်း။

(ခ) အခါအားလျော်စွာ လိုအပ်ခဲ့လျှင် ကျောင်းတိုက်၏အုပ်ချုပ်ရေး နာယကဆရာတော်များ အဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းပေးခြင်း။

(ဂ) ကျောင်းတိုက်သံဃာတော်အားလုံးအား ဩဝါဒပေးခြင်း။

(ဃ) အုပ်ချုပ်ရေးနာယကဆရာတော်များအဖွဲ့အား ကွပ်ကဲညွှန်ကြားပေးခြင်း။

အုပ်ချုပ်ရေးနာယက ဆရာတော်များအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ –

(က) သံဃာတော်များ လက်ခံစောင့်ရှောက်ခြင်း။

(ခ) ဘုရားဖူးများ လက်ခံစောင့်ရှောက်ခြင်း။

(ဂ) ကျောင်းတိုက်နှင့် သံဃိကလာဘ်လာဘများကို ရှာဖွေစုဆောင်းထိန်းသိမ်းခြင်း။

(ဃ) ကျောင်းတိုက်နှင့် သံဃိကလာဘ်လာဘများကို ဝေဖန်သုံးစွဲခြင်း။

(င) ကျောင်းတိုက်၏ သာသနိကအဆောက်အဦနှင့် အာရာမ်များကို စောင့်ရှောက်ထိန်းသိမ်းခြင်း။

(စ) ကျောင်းတိုက်အတွင်း၌ ဖြစ်ပေါ်လာသော ကိစ္စကြီးငယ်များကို စီမံဆုံးဖြတ် ဆောင်ရွက်ခြင်း။

(ဆ) အုပ်ချုပ်ရေးနာယကအဖွဲ့ဝင် ဆရာတော်တစ်ပါးပါးသည် အကြောင်းအားလျော်စွာ တာဝန်မှ အနားယူခြင်းကို ဩဝါဒါစရိယဆရာတော်များထံ (၇)ရက်အတွင်း အကြောင်းကြားခြင်း။

(ဓ) သီရိလင်္ကာ-မြန်မာ နှစ်နိုင်ငံ သာသနာရေးဆိုင်ရာကိစ္စများကို ပူးပေါင်းဆောင်ရွက်ခြင်း။

၂(က) သံဃာတော်များလက်ခံစောင့်ရှောက်ခြင်း။

{က-က} နေထိုင်ခွင့်လျှောက်ထားသူ၏ ပြည့်စုံရမည့်အင်္ဂါ

၁။ ပြည်ထောင်စုမြန်မာနိုင်ငံ နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သော ရဟန်းတော်ဖြစ်ခြင်း။

၂။ သက်ဆိုင်ရာကျောင်းမှ ကျောင်းထိုင်ဆရာတော်၏ အပ်နှံစာပါရှိခြင်း။

၃။ ပညာဆက်လက်ဆည်းပူးမည့် ပုဂ္ဂိုလ်ဖြစ်ခြင်း။

၄။ အောက်ထစ်ဆုံး တက္ကသိုလ်ဝင်တန်း (သို့မဟုတ်) တက္ကသိုလ်ဝင်တန်းနှင့်ညီမျှသော အရည်အချင်းကို ပိုင်ဆိုင်သူဖြစ်ခြင်း။

၅။ အန္တိမ သိက္ခာပုဒ်နှင့် ကင်းရှင်းသော ပုဂ္ဂိုလ်ဖြစ်ခြင်း။

၆။ ကျောင်းတိုက်ဥပဒေနှင့် နာယကဆရာတော်များအဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို လိုက်နာပါမည်ဟု ပဋိညာဉ်ပြုထားသော ပုဂ္ဂိုလ်ဖြစ်ခြင်း။

{က–ခ} သံဃာတော်များ လက်ခံခြင်း

၁။ နေထိုင်ခွင့် လျှောက်ထားသူတို့ ပြည့်စုံရမည့် အင်္ဂါရပ်များနှင့် ပြည့်စုံခြင်း။

၂။ အုပ်ချုပ်ရေးနာယက ဆရာတော်တစ်ပါးပါး၏ အာမခံချက် ရရှိခြင်း။

၃။ အုပ်ချုပ်ရေးနာယကအဖွဲ့ဝင် ဆရာတော်အားလုံး၏ သဘောတူလက်ခံမှုရရှိခြင်း။

**မှတ်ချက်။** ။ အထက်ပါအာမခံရေး လက်ခံရေးကိစ္စတို့တွင် သတ်မှတ်ထားသော သံဃာ့အရေးအတွက်အကျင့်များသာ မျှကစွာ တိုင်ပင်လုပ်ဆောင်သွားကြရမည်။

{က–ဂ} သံဃာတော်များ စောင့်ရှောက်ခြင်း –

၁။ နေရာထိုင်ခင်းပေးခြင်း။

၂။ သံဃိက လာဘ်လာဘများဖြင့် သင့်လျော်သလို ပစ္စည်းလေးပါး ပံ့ပိုးခြင်း။

၂(ခ) ဘုရားဖူးများ လက်ခံစောင့်ရှောက်ခြင်း။

၁။ သင့်လျော်သလိုနေရာထိုင်ခင်းစီစဉ်ပေးခြင်း။

၂။ လိုအပ်သောအကူအညီများ စီမံပေးခြင်း။

၂(ဂ) ကျောင်းတိုက်နှင့် သံဃိကလာဘ်လာဘများကို ရှာဖွေစုဆောင်းထိန်းသိမ်းခြင်း။

၁။ **ကျောင်းတိုက်လာဘ်လာဘဟူသည်မှာ** ကျောင်း အဆောက်အဦနှင့် အာရာမ်အတွက် ဖြစ်ပေါ်လာသော လာဘ်လာဘများကိုဆိုလိုသည်။

၂။ **သံဃိကလာဘ်လာဘဟူသည်မှာ** ကျောင်းသံဃာ များကိုရည်စူး၍ ဖြစ်ပေါ်လာသော ပစ္စည်းလေးပါးကို ဆိုလိုသည်။

၃။ အထက်ပါကျောင်းတိုက်လာဘ်လာဘနှင့် သံဃိက လာဘ်လာဘများအတွက် ရံပုံငွေများ အသီးသီးထားရှိ၍ ဆောင်ရွက်ကြရမည်။

၄။ ပစ္စည်းလာဘ်လာဘများကို သီးသန့်စာရင်းများဖွင့်၍ ထိန်းသိမ်းရမည်။

၅။ ဆွမ်းနှင့် ရေမီးအတွက် ဘဏ္ဍာရေးအင်အားချို့တဲ့သော် နေထိုင်သုံးစွဲသူများထံမှ သင့်လျော်သလို ကောက်ခံ နိုင်သည်။

၂(ဃ) ကျောင်းတိုက်နှင့် သံဃိကလာဘ်လာဘများ ဝေဖန်သုံးစွဲခြင်း။

{ဃ–က } ကျောင်းတိုက်လာဘ်လာဘများကို အောက်ပါအတိုင်းသုံးစွဲရမည်။

၁။ အဆောက်အဦ ဆောက်လုပ်ခြင်း။

၂။ မွမ်းမံ ပြင်ဆင် တိုးချဲ့ခြင်း။

၃။ အာရာမ် သန့်ရှင်းလှပအောင် ပြုပြင်ထိန်းသိမ်း စောင့်ရှောက်ခြင်း။

{ဃ–ခ }သံဃိကလာဘ်လာဘများကို အောက်ပါအတိုင်း သုံးစွဲရမည်။

၁။ ဆွမ်း ကွမ်းဝေယျာဝစ္စ။

၂။ စာကြည့်တိုက်။

၃။ မြူနီစီပယ်ခွန်။

၄။ ကျောင်းသံဃိက အသုံးအဆောင်များ။

၅။ ဝိဟာရာဓိပတိ ဆရာတော်ကြီးများအတွက် လိုအပ်ချက်များ။

၆။ သံဃာတော်များ ကျန်းမာရေး။

၇။ ပိုလျှံသောလာဘ်လာဘများကို သံဃာတော်အားလုံး ခွဲဝေပေးခြင်း။

# အခန်း-၆

## အထွေထွေ

၁။ အုပ်ချုပ်ရေးနာယကဆရာတော်အဖွဲ့ အဖွဲ့ဝင်အဖြစ်မှ ရပ်စဲခြင်း။

အုပ်ချုပ်ရေးနာယကအဖွဲ့ဝင် တစ်ပါးပါးသည် အောက်ပါ အချက် တစ်ချက်ချက် ကြောင့် အဖွဲ့ဝင်အဖြစ်မှ ရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(က) မိမိဆန္ဒအလျောက် နုတ်ထွက်ခြင်း။

(ခ) အဂတိလိုက်စားသည်ဟု အဆုံးဖြတ်ခံရခြင်း။

(ဂ) ဤကျောင်းတိုက်၌ များသောအားဖြင့် ဝါမကပ်ခြင်း။

(ဃ) သြဝါဒါစရိယဆရာတော်များ၏ ဆုံးဖြတ်ချက်အရ တာဝန်မှရပ်စဲမှုကိုခံရခြင်း။

၂။ ကျောင်းတိုက်သံဃာတော်တော်များ လိုက်နာကြရမည့် စည်းကမ်းချက်များ။

(က) မိမိအတွက် ပညာရေးကို ကြိုးစားအားထုတ်နေရမည်။

(ခ) မိမိကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရမည်။

(ဂ) မိမိအပြုအမူကြောင့် ပတ်ဝန်းကျင်အား စိတ်အနှောင့် အယှက်မဖြစ်အောင် ဆင်ခြင်နေထိုင်ရမည်။

(ဃ) နိုင်ငံလူမျိုးနှင့် ဗုဒ္ဓသာသနာတော်၏ ဂုဏ်သရေ ထိခိုက်ညှိုးနွမ်းစေမည့် အပြုအမူများမှ ရှောင်ကြဉ် ရမည်။

(င) ညအိပ်ညဥ့်နေ ခရီးသွားလျှင် အုပ်ချုပ်ရေး နာယကဆရာတော်တစ်ပါးပါးအား အကြောင်းကြား အသိပေးရမည်။

(စ) မိမိနှင့်သက်ဆိုင်သော ညအိပ်ညဥ့်နေ ဧည့်သည် ရောက်လာပါက အုပ်ချုပ်ရေးအဖွဲ့ဝင် ဆရာတော် တစ်ပါးပါးအား အကြောင်းကြား၍ ခွင့်ပြုချက်ရ ယူရမည်။

၃။ ကျောင်းတိုက်တွင်း ဆက်လက်နေထိုင်ခွင့် ရုပ်သိမ်းခြင်း။

အောက်ဖော်ပြပါအချက် တစ်ချက်ချက်ကို ကျူးလွန်သူသည် မကုဋ္ဌာရာမကျောင်းတိုက်မှ ထွက်ခွာသွားရမည်။

(က) သူတစ်ပါးအား ကိုယ်ထိလက်ရောက် ရန်စ ကျူး ကျော်ခြင်း။

(ခ) အစိုးရ ရာဇဝတ်ပြစ်မှု ကျူးလွန်ခြင်း။

(ဂ) အန္တိမ သိက္ခာပုဒ် ကျူးလွန်သည်ဟု အဆုံးဖြတ်ခံရခြင်း။

(ဃ) မူလအာမခံချက် ရုပ်သိမ်းခံရခြင်း။

(င) ကျောင်းတိုက်သံဃာများ လိုက်နာရမည့် စည်းကမ်းချက် (၆)ချက်တို့တွင် တစ်ချက်ချက်ကို လိုက်နာရန် ပျက်ကွက်၍၊ (၃)ကြိမ်တိုင်တိုင် သတိပေးပါလျက် မလိုက်နာခြင်း။

၄။ စည်းမျဉ်း ပြင်ဆင် ဖြည့်စွက် ဖျက်သိမ်းခြင်း။

ဤစည်းမျဉ်းဥပဒေတစ်ခုခုကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ဖျက်သိမ်းခြင်း ပြုလုပ်လိုပါက အုပ်ချုပ်ရေးနာယက ဆရာတော်များအဖွဲ့သည် ကျိုးကြောင်းဖော်ပြ၍ သြဝါဒါစရိယ ဆရာတော်များအဖွဲ့သို့ တင်ပြပြီးလျှင် အတည်ပြုချက်ရယူရမည်။

၅။ နေထိုင်ခွင့် လျှောက်ထားသူ၏ ဝန်ခံချက်ပဋိညာဉ်။

အရှင်သူမြတ်တို့ဘုရား - - -

ဘုရားတပည့်တော်သည် သြဝါဒါစရိယ ဆရာတော်များ၏ အဆုံးအမနှင့် အုပ်ချုပ်ရေးနာယက ဆရာတော်များ၏ ညွှန်ကြားမှုများကို လိုက်နာမည်ဖြစ်ပါကြောင်း၊ အခန်း:(၅)၊ အပိုဒ်-၂(က)၊ ပိုဒ်ခွဲ {က-က }ပါအင်္ဂါရပ်များနှင့် ပြည့်စုံညီညွတ်ကြောင်း၊ အခန်း:(၆)၊ အပိုဒ်၂ ပါ

စည်းကမ်းချက်များကို တသွေမတိမ်း လိုက်နာမည်ဖြစ်ပါ ကြောင်း ပဋိညာဉ် ခံအပ်ပါသည်။

------------------------ (လက်မှတ်)

------------------------ (ဘွဲ့)

------------------------ (လိပ်စာ)

------------------------

------------------------

------------------------

---------------- (ရက်စွဲ)

# THE
# RULE AND REGULATION OF THE MAKUTARAMA ( SRI VINAYALANKARA ) MYANMAR TEMPLES OF SRI LANKA

මකුටාරාම බුරුම විහාරස්ථානය
MAKUTARAMA MYANMAR
BUDDHIST TEMPLB
MANAGEMENT SANGHA COMMITTEE
284, DEMATAGODA ROAD, COLOMBO 9 TEL: 689074

Our Ref

Your Ref.

DATE 11.9.1994

## THE APPROVAL OF THE RULE AND REGULATION

The Rule and Regulation of the Makutarama (Sri Vinayalankara) Myanmar temples which is drafted by the Management Sangha Committee in accordance with instruction given by me, has been duly discussed and finally accepted by the Advisory Committee.

I do hereby approve the validity of the Rule and Regulation of the Makutarama (Sri Vinayalan kara) Myanmar temples of Colombo, Kandy, and Anuradhapura, Sri Lanka.

Ven. U Siggava Mahathera
Aggamahapandita, Viharadhipati

# PREAMBLE

Any human society, for its own existance and progress, solely depends on a constitution drawn up for its own functioning. Such constitution is indeed the very life of every progressive human society.

THE MAKUTARAMA(SRI VINAYALANKARA) MYANMAR TEMPLES had been a haven for religious missions, pilgrims and Myanmar bhikkhu students for the past 70 years.

It was founded in 1924, on friday (the 2nd waning day of Wagaung, 1286-Myanmar Era) by the late Venerable Sayadaw U Vinayalankara, a celebrated Myanmar missionary monk who had established five temples in Sri Lanka.

During 50 years of his missionary life in Sri Lanka, the Most Venerable Sayadaw U Vinayalankara had successfully brought up many Myanmar and Sri Lanka Buddhist monks who are now engaged in missionary work locally as well as internationally.

Much of his success was the result of the effective constitution of the temples which was well-drawn up in 1925 with the all-round support of the late Venerable Sayadaw

Ashin Adiccavamsa, a well-known Myanmar Buddhist scholar.

While propagating the teachings of the Buddha abroad, the Most Venerable Sayadaw U Vinayalankara at the same time set up temples in the main cities in Sri Lanka such as Columbo, kandy and Anuradhapura to provide accommodation for Myanmar pilgrims.

To honour his successful missionary life all the temples he founded were named after him as "SRI VINAYALANKARA TEMPLES" and also one of the main roads in Colombo was named by Colombo Municiplity as "SRI VINAYALANKARA ROAD." Thus the Venerable Sayadaw had earned a place in the history of Sri Lanka as a worthy son of Myanmar and an able missionary monk.

The Most Venerable Sayadaw U Vinayalankara was assisted in the management of these temples by the Venerable Aggamahapandita U Siggava since 1941. After ten years of proven capability as an able assistant, the Venerable Aggamahapandita U Siggava took over the management of the (Sri Vinayalankara) temples in 1951 by a registered deed executed by the Most Venerable Sayadaw U Vinayalankara himself.

Under the care of the successor, the Ven. U Siggava, all those temples continue to be of great benefit to Buddhist missions, pilgrims and bhikkhu-students who came to Sri Lanka for further study.

After sixty two years of continuous endeavour in promoting religious intercourse between Myanmar and Sri Lanka, the Ven. Aggamahapandita U Siggava, now 86 years old, due to his old age, formed an Advisory Committee and a Management Sangha Committee, each of which consists of five members to shoulder the responsibility of continuing on with the work of management of all the temples. In doing so he was helped by his chief disciples namely; Ven. Aggamahapandita U Panna Vamsa of Burmese Buddhist temple, Penang, Malaysia, Singapore and Los Angeles, Ven. U sumanasagara of(Sri VinayaLankara) Burmese Buddhist temple, Kandy and Ven. U Puppharama of (Sri Vinaya Lankara) Burmese Buddhist temple, Anuradhapura, Sri Lanka.

At the moment of becoming a member of the Advisory Committee, the Ven. U Pannya Vamsa, a former student of the Makutarama (Sri Vinayalankara) temple, who has been actively engaged in promoting and propagating Buddhism both in Myanmar and abroad with outstanding success,

entrusted the task of drafting a revised version of the rule and regulation to the Management Sangha Committee for a proper functioning of the newly formed committees.

The drafting committee consists of:

(a) Ven. U Sobhana (formerly a member of State Sangha Central Working Committee)

(b) Ven. Ariyavamsabhivamsa (formerly lecturer at State Pariyatti Sasana University, Mandalay)

(c) Ven. Naradabhivamsa (formerly Asst. Registrar, State Pariyatti Sasana University, Yangon)

(d) Ven. U Nandavamsa (Dhammacariya) and

(e) Ven. Dhammasami (Dhammacariya, M.A., A.M.)

This new version of the rule and regulation of the Makutarama (Sri Vinayalankara) Myanmar temples was carefully drafted by all the members of the Management Sangha Committee and every single word in it has been examined and approved by the Advisory Committee.

This revised version of the rule and regulation which supercedes the previous one which was entitlled **The Rule and Regulation of Sri Vinayalankara temples** is now given the new title of the RULE AND REGULATION OF THE MAKUTARAMA (SRI VINAYALANKARA) MYANMAR TEMPLES so as to distinguish it from the Rule and

Regulation of the Sri Vinayalankara temple, at Sri Vinayalankara Rd., Colombo-8, Sri Lanka.

With Metta

The Management Sangha Committee
Makutarama (Sri Vinayalankara) Myanmar temple
284, Dematagoda Rd.,
Colombo-9
Sri Lanka

## THE ADVISORY COMMITTEE

1. Ven. Aggamahapandita Sayadaw U Siggava (Viharadhipati of Myanmar temples in Sri Lanka)
2. Ven. U Sumanasagara (Sri Vinayalankara Burmese temple, Kandy, Sri Lanka)
3. Ven. Aggamahapandita U Panna Vamsa (Burmese Buddhist temple. Penang. Malaysia. Singapore and Los Angeles).
4. Ven. Puppharama (Sri Vinayalankara Burmese Buddhist temple, Anuradhapura, Sri Lanka) and
5. Ven. U Kelasa (Sri Vinayalankara Burmese Buddhist temple, Colombo).

## THE MANAGEMENT SANGHA COMMITTEE

1. Ven. U Sobhana (formerly a member of State Sangha Central Working Committee).
2. Ven. Ariyavamsabhivamsa (formerly lecturer, State Pariyatti Sasana University, Mandalay)
3. Ven. U Naradabhivamsa (formerly Asst. Registrar, State Pariyatti Sasana University, Yangon).
4. Ven. U Nandavamsa (Dhammacariya) and
5. Ven Dhammasami (Dhammacariya, M.A., A.M.).

## CHAPTER ONE: TITLE AND DEFINITION

1. The title of this rule and regulation shall be **THE RULE AND REGULATION OF THE MAKUTARAMA (SRI VINAYALANKARA) MYANMAR TEMPLES OF SRI LANKA.**

2. Terms used in this rule and regulation shall have the meanings as follows:-

(a) "**VIHARADHIPATI**" means the chief priest of all Myanmar Buddhist temples in Sri Lanka.

(b) "**THE ADVISORY COMMITTEE**" means the Advisory Committee of all Myanmar temples in Sri Lanka

(c) "**THE MANAGEMENT SANGHA COMMITTEE**" means the Management Sangha Committee of all Myanmar Bud dhist temples in Sri Lanka.

## CHAPTER TWO: AIMS AND OBJECTIVES

1. To maintain a unified cluster of Myanmar Buddhist temples in Sri Lanka representing Myanmar.

2. To perpetuate and develop all Myanmar Buddhist temples in Sri Lanka.

3. To help Myanmar resident monks in their persuit of further study.

4. To provide accommodation for Myanmar pilgrims.

5. To encourage and foster new generations Buddhist missionary monks who will propagate Buddhism locally and abroad.

6. To promote and strengthen religious co-ordination and co-operation between Sri Lanka and Myanmar.

7. To publish and distribute Buddhist works and strive for Buddhist cause in co-operation with other Buddhist Community.

**NOTE:** **The term "unified" connotes an absolute freedom from sectarianism in respect of race, sect and party etc.**

## CHAPTER THREE: THE ORGANIZATIONAL STRUCTURE

The organizational structure is made up of:

1. The Viharadhipati Saya law
2. The Advisory Committe
3. The Management Sangha Committee and
4. The resident bikkhus of the temples.

## CHAPTER FOUR: MODE OF NOMINATION

### NOMINATION OF THE ADVISORY COMMITTEE

1. The Advisory Committee shall consist of the following:

(a) The Viharadhipati Sayadaw of Myanmar Buddhist temples in Sri Lanka and

(b) The Mahatheras nominated by the Viharadhipati Sayadaw.

### NOMINATION OF THE MANAGEMENT SANGHA COMMITTEE

2. A bhikkhu who meets the following conditions shall be appointed as a member of the Management Sangha Committee;

(a) Being endowed with six leadership qualities.

(b) Being free of four kinds of wrong doings (Agati).

(c) The ability to work for the interest of the temple.

(d) The ability to peacefully solve the problems of the temple that arise.

(e) Observing Vas (rainy retreat) mostly in this temple and

(f) Being nominated by the Advisory Committee which is presided by the Viharadhipati Sayadaw.

## CHAPTER FIVE: DUTIES AND RESPONSIBILITIES

1. The Advisory Committee shall have the duty and responsibility of:

(a) Appointing the Managment Sangha Committee of the temples consisting not less than three nor more than five members.

(b) Reshuffling or dissolving the Management Sangha Committee whenever necessary.

(c) Giving instructions to all the Sangha of the temples.

(d) Controlling the Management Sangha Committee.

2. The Management Sangha Committee shall have the duty and responsibility of:

(a) Admitting new resident monks and offering necessary assistance to them.

(b) Helping and offering accommodation to pilgrims.

(c) Acquisition and maintaining the possession of the temples and of the Sangha.

(d) Managing Possession of the temples and of the Sangha

(e) Maintaining, renovating and developing the temples and its property.

(f) Making executive decision on the affairs of the temples.

(g) Reporting the retirement of a member of the Management Sangha Committee within seven days to the Advisory Committee and

(h) Promoting and strenthening religious ties between Myanmar and Sri Lanka.

**(A) Admission of new resident monks**

(a a) A candidate applying for residence shall have the following qualifications:

1. Holding a valid passport of the Union of Myanmar.
2. Producing a recommendation letter from the Abbot Sayadaw of a relevant temple.
3. Intention to continue further study.
4. Possession of a University entrance certificate or a certificate that is equivalent to it.
5. Having never committed the four grave offences (parajika) and
6. Submitting a written statement pledging to abide by the rule and regulation of the temples and the order occassionally issued by the Management Sangha Committee.

(a b) A bhikkhu who has fulfilled the following conditions may become a resident monk:

1. Possessing qualifications of a candidate as mentioned in Chapter V, A/aa
2. Possessing a letter of guarantee from a member of the Management Sangha Committee and
3. An endorsement by all member of the Management Sangha Committee.

**NOTE: The Management Sangha Committe shall operate this rule equitably having regard to the available vacancy and the number each member is privileged to recommend.**

(a c) Assistance renderd to the resident Sangha shall be confined to the following;

1. Accommodation and
2. Sharing the four kinds of requisite out of common property (Sanghika).

**(B) The Management Sangha Committee shall offer help to the pilgrims in the following ways;**

1. providing accommodation and
2. giving neccessary assistance.

**(C) Maintaining the funds and property of the temples and of the Sangha;**

1. "The property of the temples" means buildings belonging to the ten.ples and funds raised for it.
2. "The common property of the Sangha" means the four requisites that are offerred to the Sangha.
3. Funds shall be maintained seperately for the property of the temples and of the Sangha.
4. Lists of other possessions of the temples also shall be made and kept seperately.
5. Should there be insuffient funds for food, electricity and water supply, residents may have to contribute for the purpose as deemed suitable (by the Management Sangha Committee).

**(D) Managing the funds and property of the temples and the Sangha;**

(d a) The funds and property of the temples shall be used for the following purposes;

1. Construction
2. Renovation and
3. Landscaping and maintaining the premises.

(d b) The funds and property of the Sangha shall be utilized for the following purposes;

1. Food
2. Library

3. Municipal bills
4. Furnitures
5. Personal need of the Viharadhipati Sayadaw
6. Health care of residnent bhikkhus and
7. Distribution among the resid nt bhikkhus, should there be a surplus of common property.

## CHAPTER SIX: MISCELLANEOUS

1. The office of a member of the Management Sangha Committee shall be deemed as vacated for any one of the following reasons;

(a) Voluntary resignation

(b) Being judged to have made a decision through any of the improper ways (Agati).

(c) Failure to observe Vas (rainy retreat) mostly in these temples.

(d) Being pronounced unfit to retain the office by the Advisory Committee.

2. Rules for resident monks of the temples;

(a) He shall pursue his study earnestly.

(b) He shall fulfill his duty as a member of community.

(c) He shall so conduct himself as not to cause any annoyance to the community.

(d) He shall refrain from any behavior that may damage the reputation of the country and the nation and the sanctity of Buddhism.

(e) He shall inform a member of the Management Sangha Committee when an overnight journey is to be made.

(f) He shall report and obtain permission from a member of the Management Sangha Committee when his guests arrive at the temple for an intended overnight stay.

3. Disqualification of a resident;

A resident bhikkhu shall cease to be a member of the temples and shall have to leave if he is found guilty of any one of the following offences;

(a) Physically assaulting other

(b) Committing a crime under the statelaw

(c) Having been judged that he has committed any one of the grave offences

(d) The original recommendation by a member of the Management Sangha Committee having been with drawn and

(e) Repeated failure to abide by the six articles laid down for resident bhikkhus after having been warned thrice for breaches.

4. Amendment, addition and abrogation of articles:

An amendament, addition and abrogation of any article may be made by the Management Sangha Committee only after a formal proposal has beer put up to the Advisory Committee and approval thereof has been obtained from it.

5. Statement to be made by the applicant applying for admission;

Dear Sir;

I hereby undertake to follow the advice and guidance given by the Advisory Committee and the instruction by the Management Sangha Committee.

I affirm that I have met all the requirements stated under sub-para (A) (aa) of para No (2) in the chapter (5) .

I also solemnly pledge that I will conduct myself to the best of my ability in accordance with the rules for residents under para No (2) in the chapter (6).

Signature of the applicant ----------------------

Name ------------------------------------------

Address ----------------------------------------

Date -------------------------------------------

# THE
# RULE AND REGULATION OF THE MAKUTARAMA (SRI VINAYALANKARA) MYANMAR TEMPLES OF SRI LANKA